# နိုင်ငံတကာငြိမ်းချမ်းရေးနေ့ အပေါ် တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့၏ သဘောထားထုတ်ပြန်ချက်

**၂၀၁၉ခုနှစ်၊ စက်တင်ဘာလလ (၂၁)ရက်**

ယနေ့ကျရောက်သည့် နိုင်ငံတကာငြိမ်းချမ်းရေးနေ့တွင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ မှီတင်းနေထိုင်ကြသော ပြည်သူပြည်သားများအားလုံး လိုချင်တောင့်တနေသော ငြိမ်းချမ်းရေးကို အမြန်ဆုံးရရှိခံစားနိုင်ပါစေကြောင်း နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နေသော လူကြီးမင်းများ၊ ခေါင်းဆောင်များအား ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူများအားလုံးအတွက် ဘေးကင်းလုံခြုံသော မြန်မာနိုင်ငံတော်ကြီးအမြန်ဆုံးဖော်ဆောင်ပေးနိုင်ပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

၁၉၈၁ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ၏ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၃၆/၃၇စတင်ကျင်းပခဲ့ပြီး ၂၀၀၁ ခုနှစ် အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၅၅/၂၈၂ ဖြင့် စက်တင်ဘာလ ၂၁ရက်နေ့ကို နိုင်ငံတကာငြိမ်းချမ်းရေးနေ့ဟု သတ်မှတ်လိုက်သည်။ ထိုနေ့သည် ကမ္ဘာ့တဝှမ်းလုံး အကြမ်းမဖက်သည့်နေ့ နှင့် အပစ်ခတ်ရပ်စဲသည့်နေ့ဟုလည်း ခေါ်တွင်ခဲ့ကြပါသည်။ သို့သော် မြန်မာ့တပ်မတော်ဘက်မှ အပစ်ခတ်ရပ်စဲရေးကာလကို စက်တင်ဘာလ (၂၁)ရက်နေ့ထိ သက်တမ်းတိုးခြင်း၊ ညီနောင်မဟာမိတ်အဖွဲ့တို့မှလည်း အောက်တိုဘာလ(၈)ရက်နေ့ထိ အပစ်ခတ်ရပ်စဲရေးကာလအဖြစ် ထုတ်ပြန်ခြင်းရှိခဲ့သော်လည်း တိုင်းရင်းသားဒေသတွင် နေ့စဉ်နေ့တိုင်း တိုက်ပွဲဖြစ်ပွားလျက်ရှိနေသည်ကို တွေ့ရပါသည်။

တိုက်ပွဲကြောင့် စစ်ဘေးရှောင်ပြည်သူများ တစ်နေ့တခြား တိုးပွားလာခြင်းသည် တိုင်းရင်းသားဒေသရှိ ပြည်သူများအား အသက်လုံခြုံမှုကင်းမဲ့နေပြီဟု ရှုမြင်သည်။ထို့ပြင် တိုက်ပွဲအတွင်းအရပ်သားများကိုအကြောင်းမဲ့ဖမ်းဆီးညှဉ်းပမ်းနှိပ်စက်ခြင်း၊ အရပ်သားတို့၏ အိုးအိမ်များ ဦးတည်တိုက်ခိုက်ခြင်း၊ မီဒီယာလွတ်လပ်ခွင့် နှင့် သွားလာမှုကို ပိတ်ပင်တားမြစ်ခြင်း စသည့် လုပ်ရပ်များသည် နိုင်ငံတကာ စစ်ကျင့်ဝတ်ဆိုင်ရာ ဥပဒေကို ချိုးဖောက်ရာရောက်သည့်အပြင် မြန်မာ့ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကိုလည်း ထိခိုက်နှောင့်ယှက်ရာ ရောက်သည်ဟု ထိုလုပ်ရပ်များကို မိမိတို့ အဖွဲ့မှ လုံးဝရှုတ်ချသည်။

ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နေသော ခေါင်းဆောင်များအားလုံးသည် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို အလေးအနက်ထားပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အတူတကွယှဉ်တွဲနေထိုင်ရေး ပါဝင်သည့် ထာဝရငြိမ်းချမ်းရေးကို အမြန်ဆုံးရရှိရန် လက်နက်ဖြင့် မဖြေရှင်းဘဲ၊ နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးဖြင့် အကောင်အထည်ဖော်ဆောင်ပေးရန်နှင့် အားလုံးပါဝင်နိုင်သော နိုင်ငံရေးဆွေးနွေးပွဲကို အမြန်ဆုံးဖော်ဆောင်ပေးရန် မိမိတို့ တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့ (TSYU)မှ တိုက်တွန်းတောင်းဆိုပါသည်။

**အလုပ်အမှုဆောင်ကော်မတီ**
**တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့**

**ဆက်သွယ်ရန်**
၀၉ ၇၇၀ ၅၉၇ ၈၂၄
၀၉ ၂၅၇ ၇၂၆ ၇၁၃